ရည်ညွှန်းချက်

ယခုခေတ်အခါတွင်ဘာသာစကားမတူသောလူမျိုးတစ်မျိုးနှင့်တစ်မျိုးတို့၏ကြားတွင်ရေး စီးပွားရေး နိုင်ငံရေး ပညာရေး လူမှုရေး ယဉ်ကျေးမှုများကို အတုန့်အပြန်အသိအကျွမ်းပြုလုပ်ရာတွင် ဘာသာစကားသည်အဓိကဆက်သွယ်ရေးပင်ဖြစ်ပါသည်။

ထို့ကြောင့် တတ်ကျွမ်းနားလည်ပြီးသူတို့ထက် လုံးဝမသင်ဘူးသေးသောအစသမားများ ဘာသာစကားတွင်ဝါသနာထား လေ့လာလိုက်စားသင်ကြားသူများ၊ ထိုင်းနိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်သူများ၊ စနစ်တကျလေ့လာလိုသူများအတွက် အချိန်တိုတိုအတွင်းတွင်အမှန်တကယ်ကျွမ်းကျင်စွာထိုင်းဘာသာစကားကိုရေးဖတ်ပြောဆိုဆက်ဆံနိုင်စေရန်ရည်ရွယ်၍ How to Read & Write Thai Phonetic Spelling (2nd Times New Edition) **ထိုင်းအသံသင်္ကေတစာလုံးပေါင်းဖတ်နည်းရေးနည်း** စာအုပ်ကိုပထမအကြိမ်ထက်ဒုတိယအကြိမ်မှာတော့ဆရာလွှတ် (၆၆ ဖာသာ) လေ့လာတတ်အောင် အဓိကစာလုံးအဆင့်ဆင့်ရေးနည်းနှင့်အသံထွက်နည်းကိုပဲ **လေ့ကျင့်ခန်း** တစ်ခုစီတိုင်းတွင် ထိုင်းစာလုံး၊ ထိုင်းစကားလုံးတွေအများများလေ့လာလို့ရအောင်ပြည့်ပြည့်စုံစုံထည့်ပေးထားပါသည်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ထိုင်းဘာသာဌာန၏ **Phonetic Script** အသံထွက်သင်္ကေတစာလုံးလမ်းညွှန် **(ပထမနှစ်ထိုင်းစကားပြော)**, STRUCTURE OF THAI AND ITS USAGE BY Dr. BANJOB PHANTHUMEETHAR, TEACH YOURSELF THAI - COLLECTTED READINGS BOOK ONE BY Rev.P. NAKHUNSENSE, Thai For Beginners (Benjawan Poomsan Becker), Thai For Intermediate Learners (Benjawan Poomsan Becker), Thai For Advanced Readers (Benjawan Poomsan Becker), Praction Conversation (Benjawan Poomsan Becker), Shortcut For Speaking Thai (Sutida Wimuttikosol), แบบเรียนภาษาไทยเบื้องตนในบริบทไทยศึกษา สำหรับชาวตางชาติ, พจนานุกรม ฉบับราชบัณฑิตยสถาน พ.ศ ๒๕๕๒, SE-ED'S THAI - ENGLISH DICTIONARY (2002), NEW MODEL THAI - ENGLISH DICTIONARY BY SO SETHAPUTRA (2004), စသောစာအုပ်များမှ ရှိနေသည်ကို ထုတ်ယူလိုနေသည်ကိုပြည့်စွက်၍ ခေါင်းစဉ်များဖြင့်အဆင့်ဆင့်စီစဉ်ထားပြီး အစမှအဆုံးအထိလေ့လာလေ့ကျင့်ပါက ထိုင်းစကားလုံးများကိုသွက်လက်ပီသစွာအမှန်ပြောဆိုတတ်လာမည်ဖြစ်သည်။

ထိုင်းစကားလုံးများကို နှုတ်ဆိုလေ့ကျင့်မှု **(Oral-Practice Thai)** ပြုလုပ်ရာတွင် အသံထွက်လွယ်ကူရန်၊ အသံထွက်မှန်ကန်၍ပီကျင်သမှုတိကျစေရန်၊ သွက်သွက်လက်လက်ပြောဆိုနိုင်ရန်အတွက် **Phonetic Script** နှင့် **မြန်မာ Script** ဖွဲ့စပ်အသံလေ့ကျင့်ပေးရသည်။ ဤစာအုပ်တွင် ပါဝင်သောထိုင်းစကားလုံးများသည် နိုင်ငံခြားဘာသာစကားဖြစ်သည့်အတိုင်း မြန်မာအသံထွက်ဖြင့်ရေးပြရန်ခက်ခဲသလို နီးနီးစပ်စပ်မြန်မာစာအသံထွက်ဖြင့်ရေး၍ အသံထွက်အတိအကျမရနိုင်သဖြင့် **Phonetic Script နှင့် မြန်မာ Script** အသံနှင့် တိုက်ညှိအောင်စီမံရေးခြင်းဖြစ်ပါသည်။ How to Read & Write Thai Phonetic Spelling (2nd Times New Edition) **ထိုင်းအသံသင်္ကေတစာလုံးပေါင်းဖတ်နည်းရေးနည်း** စာအုပ်ကိုအစမှအဆုံးအထိလေ့လာလေ့ကျင့်ပါကထိုင်းစာတစ်လုံး၊ ထိုင်းစကားလုံးတစ်လုံးမှသည်ထောင်ပေါင်းများစွာသောစကားလုံးများကို Phonetic Script နှင့် မြန်မာ Script အကူအညီဖြင့် သွက်လက်ပီသစွာ အသံအမှန်ရေးဖတ်တတ်ပြောဆိုတတ်လာမည်ဖြစ်ပြီး ဤစာအုပ်တွင်မပါသည့်စာလုံး၊ စကားလုံးများကိုလည်း Online ထိုင်းအဘိဓာန်များတွင် အလွယ်တစ်ကူမိမိဘာသာရှာဖွေကြည့်ရှုတတ်လာမည်ဖြစ်သည်။

ဤစာအုပ်၏အဓိကရည်ရွယ်ချက်မှာ ထိုင်းစကားပြောလေ့ကျင့်နည်းမဟုတ်၊ ထိုင်းစာရေးနည်းဖတ်နည်း၊ ထိုင်းစကားလုံးဖွဲ့စည်းမှုနှင့်အသံနေအသံထားအဆင့်ဆင့်ထွက်ပုံထွက်နည်းတို့ဖော်ပြခြင်းဖြစ်သော်လည်း ထိုင်းနိုင်ငံမှထုတ်ဝေသော **ရုပ်မြင် CD ROM၊ ထိုင်းစကားပြော (CD, VCD with Phonetic Spelling)** တွဲပါသည့်စာအုပ်များကို ရှာဖွေ၍ **How to Read & Write Thai Phonetic Spelling (2 nd Times New Edition)** **ထိုင်းအသံသင်္ကေတစာလုံးပေါင်းဖတ်နည်းရေးနည်း** စာအုပ်အကူအညီဖြင့်နေ့စဉ်နားထောင်ခြင်း နှုတ်ဆိုလေ့ကျင့်မှု **(Oral-Practice Thai)** လုပ်နိုင်သလို အဓိကအနေဖြင့် လေ့လာသူကိုယ်တိုင် **YouTube** တွင်လည်း **Thai Language 4 Skills** သင်ခန်းစာများကို ဝင်ရောက်လေ့လာပါက ထိုင်းဘာသာကိုအသံထွက်အမှန်ကို ကြားနိုင်မည်ဖြစ်၍ အချိန်တိုတိုအတွင်းတွင်မှာ အသံထွက်လွယ်၊ အသံထွက်မှန်၊ တိကျစွာ၊ သွက်လက်စွာရေးနိုင်ဖတ်နိုင်ပြောဆိုနိုင်လိမ့်မည်ဟုမျှော်လင့်ပါသည်။

ထိုင်းစကားလုံးဖွဲ့စည်းပုံနှင့်အသံနေအသံထား

ထိုင်းဘာသာ၏ထိုင်းစကားလုံးဖွဲ့စည်းမှုနှင့်အသံထွက်ကို အချိန်တိုတို အတွင်းမှာမြန်မြန်သိပြီးသွက်သွက်လက်လက်ပြောတတ်ရန်ဆိုလျှင် **အခန်း (၃) ခန်း** မှာပါသည့် ***Guide line (၄)*** ချက်ကို သေချာသိဖို့လိုသည်။

ထိုင်းစကားလုံးတစ်လုံး၏အသံထွက်သည် ဗျည်း (၄၄) လုံး၊ သရ (၃၂) လုံးသိရုံမျှဖြင့် **မြန်မာသင်ပုန်းကြီး** ခေါင်းသကဲ့သို့ ဗျည်းနှင့်သရပေါင်း၍ဖြစ်လာသည့်စကားလုံးတို့အသံထွက်ဆိုမရပါ။ ထိုင်းစကားလုံးတစ်လုံး၏ဖွဲ့စည်းမှုနှင့်အသံထွက်ဆက်နွယ်မှုသည် **အက္ခရာဗျည်းအုပ်စု (၃) စု**နှင့်သရအသံတိုအသံရှည်ပေါင်း၊ **အက္ခရာဗျည်းအုပ်စု၊ သရနှင့်ဝဏ္ဏယု(တ်) သံစဉ်အမှန်ဖြင့် သို့မဟုတ် အသံပြောင်းလက္ခဏာ (၄) သံ** ပေါင်းသည့်အနေအထားအပေါ် မူတည်၍ အသံထွက်ပြောင်းသည့်နည်းကို ***စာမျက်နှာ (၁ မှ ၆၇) အခန်း တစ်*** တွင်သေချာသဘောပေါက်သည့်အထိသာလေ့လာလိုက်ရုံပါ၊ **အသံထွက်ဇယား (၁-၂)** တိုလုံးဝသဘောပေါက်ရင်ဘာစကားပဲလာလာအသံထွက်မှန်ကိုမှန်ရမည်၊ **နမူနာအားလုံး** ကျက်စရာမလိုဘူး အသုံးများတစ်ချို့သာထည့်ပေးထားခြင်းဖြစ်သည်။ **ထိုင်းဗျည်း-သရများသည် မြန်မာဘာသာနှင့်** အလွန်နီးစပ်သဖြင့်ခက်ခက်ခဲခဲလေ့ကျင့်စရာမလိုသလို အတင်းအကျပ်ထိုင်ကျက်စရာမလိုကြောင်းသိပါလိမ့်မည်။

စာမျက်နှာ (၆၈ မှ ၁၄၁) အခန်း နှစ် တွင် ထိုင်းစကားလုံးတစ်လုံး၏အသံထွက်သည် **အက္ခရာဗျည်းအုပ်စု (၃) စု၊** သရအသံတိုအသံရှည်နှင့်အသတ်သေဗျည်းပေါင်း **အက္ခရာဗျည်းအုပ်စု (၃) စု၊ အသတ်ရှင်ဗျည်းနှင့် ဝဏ္ဏယု(တ်) သံစဉ်အမှန်ဖြင့် သို့မဟုတ် အသံပြောင်းလက္ခဏာ (၄) သံ** ပေါင်းသည့်အနေအထားအပေါ် မူတည်၍ထိုင်းစကားလုံးများ၏ အသံထွက်ပြောင်းသည့်**အသံထွက်ဇယား (၁-၂)** နည်းတိုင်းလေ့လာရင်းနှင့် **YouTube** မှလည်း **Thai Language 4 Skills** ထိုင်းစကားပြောသင်ခန်းစာများကိုရှာဖွေပြီးလေ့လာပြောဆိုနိုင်လည်းတိုက်တွန်းပါရစေ။ **အခန်း တစ်-အခန်း နှစ်** လေ့လာအားဖြင့် **Internet online** ခေတ်မှာထိုင်းစာ၊ ထိုင်းစကားကိုရှာဖွေလေ့လာလေ့ကျင့်ရန် မခက်တော့ပါ။ ***(2nd Times New Edition)*** စာအုပ်ပြီးမှလေ့လာပါက နောက်ကျသွားနိုင်ပါသည်။ မမေ့ကြည့်ပါ၊ မသိသေးတာတွေပါလာလျှင်လည်း **အခန်း သုံး** သင်ခန်းစာကိုဆက်လက်လေ့လာရင်းနှင့်အခက်အခဲတွေပြေလည်သွားမည်ဖြစ်ပါသည်။

နောက်တစ်ဆင့်ထိုင်းဘာသာ၏စကားလုံးဖွဲ့စည်းမှုများတွင် မြန်မာဘာသာ၌သုံးလေ့မရှိသောအသုံးအနှုန်းများနှင့်အသံထွက်ရန်ခက်ခဲသော **ဗျည်းတွဲ၊ အသတ်ဗျည်း *(အသံတူအကြောင်းတွဲ)* နှင့်သရ** တို့၏ထူးခြားသောစာလုံးဖွဲ့စည်းမှုများကို ***စာမျက်နှာ (၁၄၂ မှ ၂၆၃) အခန်း သုံး*** တွင်သေချာလေ့လာစေချင်ပါသည်။ ဤ **အခန်း သုံး** တွင် **အခန်း တစ်-အခန်း နှစ်** လေ့လာထားအဖြင့် **YouTube** မှလည်း **Thai Language 4 Skills** ထိုင်းစကားပြောသင်ခန်းစာများကိုလေ့လာသည့်အားပါပေါင်းစပ်လေ့လာမည့် အတွေ့အကြုံ သည်လည်းအရမ်းကိုအရေးကြီးသည့်လိုအပ်ချက်ဖြစ်သည်။

စာမျက်နှာ (၂၆၃ မှ ၂၇၀) တွင် **ပုံသေကျက်မှတ်ရမည့်ထူးခြားသောထိုင်းစာလုံးဖွဲ့စည်းမှုများနှင့်ထိုင်းသင်ပုန်းကြီးအညွှန်း၊** စာရေးစာဖတ်သည့်အခါအထောက်အကူဖြစ်စေနိုင်သည့်ထိုင်းစာလုံးသင်္ကေတများကိုလက်လှမ်းမီသလောက်ဖော်ပြထားပါသည်။ ဤအပိုင်းသည် **ထိုင်းစကားပြောတတ်ဖို့** *စာဖတ်အားကောင်းဖို့အတွက်* ရည်ရွယ်၍ရေးသားခြင်းဖြစ်ပါသည်။

> **စာများများဖတ်တတ်မှ စကားများများပြောနိုင်တယ်၊ စကားပြောချင်ရင် စာများများဖတ်ပါ။**
> **ဒီစာအုပ်ကိုတစ်လပဲအချိန်ပြည့်ပေးကြည့်ပြီးလေ့လာကြည့်ပါ။**

"နည်းလို့နည်းလွယ်မပြောတတ်တာတော်မှာပါ နည်းသိရင်ဘာမဆိုလွယ်ပါတယ်"

မာတိကာ

အကြောင်းအရာ **စာမျက်နှာ**

အခန်း တစ် ဗျည်း သရ ဝဏ္ဏယု(တ်) သံစဉ်
ထိုင်းဗျည်း (၄၄) လုံးဇယား
ထိုင်းဗျည်း (၄၄) လုံး၏အခေါ်အဝေါ်
ထိုင်းအက္ခရာဗျည်းအုပ်စု (၃) စု
ထိုင်းဗျည်း (၄၄) လုံး၏အသံ (၂၁) သံကိုမြန်မာဗျည်းအသံများနှင့်နှိုင်းယှဉ်ခြင်း
ထိုင်းသရ (၃၂) လုံးဇယား
ထိုင်းသရ (၃၂) လုံး၏အသံ
လုံးချင်းသရအုပ်စု (၉) စု
တွဲသရအုပ်စု (၉) စု
Special သရအုပ်စု (၉) စု
အသုံးနည်းသော ฤ, ฤๅ /ร/, /ra/, /ရ/ နှင့်
ฦ, ฦๅ /ล/, /la/, /လ/ ဗျည်းသံပါသည့်သရများ
ဝဏ္ဏယု(တ်) သံစဉ် (၅) သံ သို့မဟုတ် အသံပြောင်းလက္ခဏာများ
ဝဏ္ဏယု(တ်)သံစဉ် သို့မဟုတ် အသံပြောင်းလက္ခဏာများမပါသောထိုင်းအက္ခရာဗျည်းအုပ်စု
နှင့်သရအသံတိုအသံရှည်အလိုက်အသံပြောင်းပုံ
ဝဏ္ဏယု(တ်)သံစဉ် (၄) သံ သို့မဟုတ် အသံပြောင်းလက္ခဏာကြောင့်ထိုင်းအက္ခရာဗျည်းအုပ်စု
အလိုက်အသံပြောင်းပုံ
လေ့ကျင့်ခန်း တစ် ဝဏ္ဏယု(တ်)သံစဉ် သို့မဟုတ် အသံပြောင်းလက္ခဏာများမပါသောထိုင်းအက္ခရာ
ဗျည်းအုပ်စုနှင့်သရအသံတိုအသံရှည်အလိုက်အသံပြောင်းပုံနမူနာ
လေ့ကျင့်ခန်း နှစ် ဝဏ္ဏယု(တ်)သံစဉ် သို့မဟုတ် အသံပြောင်းလက္ခဏာကြောင့်ထိုင်းအက္ခရာ
ဗျည်းအုပ်စုအလိုက်အသံပြောင်းပုံနမူနာ

အခန်း နှစ် ထိုင်းအသတ်ဗျည်း
ထိုင်းအသတ်ဗျည်းအုပ်စု (၈) စု
အသတ်သေဗျည်း คำตาย /kham-taay/, /ခ(မ်)-တား(ယ်)/ နှင့်
အသတ်ရှင်ဗျည်း คำเป็น /kham-pen/, /ခ(မ်)-ပေ့(န်)/ အုပ်စု (၂) စု
အက္ခရာဗျည်းအုပ်စု (၃) စု၊ အသတ်သေဗျည်း คำตาย /kham-taay/,
/ခ(မ်)-တား(ယ်)/ အုပ်စု၊ သံစဉ်များပြောင်းသွားခြင်းနမူနာ

လေ့ကျင့်ခန်း တစ် အက္ခရာဗျည်းအုပ်စု (၃) စု၊ အသတ်သေဗျည်း คำตาย /kham-taay/,
/ခ(မ်)-တား(ယ်)/အုပ်စု၊သံစဉ်များပြောင်းသွားခြင်းနမူနာ ၇၂
အက္ခရာဗျည်းအုပ်စု (၃) စု၊ အသတ်ရှင်ဗျည်း คำเป็น /kham-pen/,
/ခ(မ်)-ပေ့(န်)/ အုပ်စု (၅) စု၊ ဝဏ္ဏယု(တ်)သံစဉ်များပြောင်းသွားခြင်း ၈၆
လေ့ကျင့်ခန်း နှစ် အက္ခရာဗျည်းအုပ်စု (၃) စု၊ အသတ်ရှင်ဗျည်း คำเป็น /kham-pen/,
/ခ(မ်)-ပေ့(န်)/ အုပ်စု (၅) စု၊ ဝဏ္ဏယု(တ်)သံစဉ်များပြောင်းသွားခြင်း ၉၀
အသတ်ဗျည်းကြောင့်မူလသရမှပုံသဏ္ဌာန်ပြောင်းသွားသောသရများ ၁၂၀

အခန်း သုံး ထူးခြားသောထိုင်းစာလုံးဖွဲ့စည်းမှုများ ၁၄၂
ဗျည်းတွဲ ควบกล้ำ (Cluster) ၁၄၂
၁။ အသံမထွက်သော อ (อ นำ), ห (ห นำ) နှင့်
จร, ซร, ศร, สร, ทร ဗျည်းတွဲ ၁၄၂
၂။ အက္ခရာဗျည်းအုပ်စု (၃) စုနှင့် အနိမ့်အက္ခရာဗျည်းအုပ်စုမှ ร ล ว ဗျည်းတွဲ ၁၅၇
အသတ်ဗျည်းအုပ်စု (အခန်း နှစ် အဆက် အသံတူအကြောင်းတွဲများ) ၁၇၆
အသတ်သေဗျည်း คำตาย /kham-taay/, /ခ(မ်)-တား(ယ်)/ အုပ်စု ၁၇၆
အသတ်ရှင်ဗျည်း คำเป็น /kham-pen/, /ခ(မ်)-ပေ့(န်)/ အုပ်စု (၅) စုမှ
ญ ณ รล ၁၈၄
အသတ်ရှင်ဗျည်း คำเป็น /kham-pen/,/ခ(မ်)-ပေ့(န်)/ အုပ်စု (၅) စုမှ ร ၁၉၀
ပါဠိဘာသာ၊ သက္ကတဘာသာနှင့်တစ်ခြားသောဘာသာစကားမှလာသည့်
စာလုံးများကိုထိုင်းစာအဖြစ်အသုံးပြုခြင်း ၁၉၅
ထိုင်းသရများ ၂၀၄
အသံတိုသရ (-ะ), /a/, /အ/ ၂၀၄
အသံရှည်သရ (-อ), /ɔɔ/, /ေအာ/ မပါသည့် จกบมอ ဗျည်းများ ၂၃၈
Special သရ (ใ-), /ay/, /အ(ဲ)/ အလုံး (၂၀) ၂၃၉
အသုံးနည်းသော ฤ, ฤๅ /ร/, /ra/, /ရ/ နှင့်
ฦ, ฦๅ /ล/, /la/, /လ/ ဗျည်းသံပါသည့်သရများ ၂၅၀
ပုံသေကျက်မှတ်ရမည့်ထူးခြားသောထိုင်းစာလုံးဖွဲ့စည်းမှုများ ၂၅၇
ထိုင်းသင်ပုန်းကြီးအညွှန်း ၂၆၃
စာရေးစာဖတ်သည့်အခါအထောက်အကူဖြစ်စေနိုင်သည့်ထိုင်းစာလုံးသင်္ကေတများ ၂၆၃